# ကုမ္ပဏီတွင်ခန့်အပ်ထားရှိသော နိုင်ငံခြားသားဝန်ထမ်းများအားလုံးသို့

**ကိုရိုနာဗိုင်းရပ်စ်အသစ်ကြောင့် ကုမ္ပဏီ၏ စီးပွားရေးအခြေအနေ ဆိုးဝါးလာခဲ့ပါလျှင်လည်း နိုင်ငံခြားသားဝန်ထမ်းများအား နိုင်ငံခြားသားဖြစ်သည်ဟု အကြောင်းပြ၍ ဂျပန်လူမျိုးများနှင့် တန်းတူအခွင့်အရေးမပေးခြင်းများကို ပြုလုပ်ခွင့်ပြုမည် မဟုတ်ပါ။**

1．ကုမ္ပဏီ၏အခြေအနေကြောင့် ဝန်ထမ်းများကို အနားယူစေသောအခါ ကုမ္ပဏီမှပေးချေရမည့် ပိတ်ရက်ထောက်ပံ့ငွေကို ဂျပန်လူမျိုးဝန်ထမ်းများနှင့် တန်းတူ နိုင်ငံခြားသားဝန်ထမ်းများအားလည်း မပေးချေ၍မရပါ။

2．ကလေးကျောင်းပိတ်သောကြောင့် ရုံးခွင့်ယူသောအခါတွင် ဂျပန်လူမျိုးဝန်ထမ်းများနှင့် တန်းတူ လုပ်သက်ခွင့် ကို အသုံးပြုနိုင်သည်။

3．ဝန်ထမ်းများ၏ လုပ်ငန်းခွင်အခွင့်အရေးများကို ကာကွယ်ပေးရန်အတွက် နိုင်ငံတော်မှပေးအပ်သည့် ထောက်ပံ့ငွေကို ဂျပန်လူမျိုးဝန်ထမ်းများနှင့် တန်းတူ နိုင်ငံခြားသားဝန်ထမ်းများအတွက်ပါ အသုံးပြုနိုင်သည်။

4．အလုပ်ဖြုတ်ခြင်းကို ကုမ္ပဏီမှ လွတ်လပ်စွာ ပြုလုပ်ခွင့် မရှိပါ။ ကုမ္ပဏီမှဝန်ထမ်းများအား အလုပ်ဖြုတ်မည်ဆိုပါက ဂျပန်လူမျိုးဝန်ထမ်းများနှင့် အလားတူ စည်းမျဉ်းများကို လိုက်နာရမည်။

【QR Code】

အခက်အခဲများရှိပါက အနီးအနားရှိ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားစံချိန်စံညွှန်းစစ်ဆေးရေးဦးစီးဌာန၊ Hello Work တို့နှင့် တိုင်ပင်ဆွေးနွေးပါ။